ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ရုံးအမှတ်(၅၃)၊နေပြည်တော်

အကြောင်းအရာ။ ကြားကာလ အကြံပေးလုပ်ကိုင်သူများမှတ်ပုံတင်ခြင်း အထောက်အထား လက်မှတ်များအား သက်တမ်းတိုးနိုင်ကြောင်း အကြောင်းကြားခြင်း

ရည် ညွှန်း ချက်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂-၁-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၃(၂)/၁၆(ဃ) (၀၀၉/၂၀၂၀)

၁။ အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၇ (က)အရ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း ဆောင်ရွက်ရန်လျှောက်ထားတင်ပြလာသည့် ပုဂ္ဂိုလ် (၂၅၇) ဦးနှင့် အဖွဲ့အစည်း (၇၂) ဖွဲ့တို့အား သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် တင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးရုံးမှ ရည်ညွှန်းပါစာဖြင့် ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

၂။ ပထမအသုတ်အဖြစ်ထုတ်ပေးခဲ့သောပုဂ္ဂိုလ် (၁၄၃) ဦးနှင့် အဖွဲ့အစည်း (၃၇) ဖွဲ့ တို့၏ ကြားကာလ အကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်များအား (၁-၄-၂၀၁၈) ရက်နေ့မှ (၃၁-၃-၂၀၁၉) ရက်နေ့ထိ ပထမအကြိမ်၊ (၁-၄-၂၀၁၉) ရက်နေ့မှ (၃၁-၁၂-၂၀၁၉) ရက်နေ့အထိ ဒုတိယအကြိမ်သက်တမ်း တိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ပထမအသုတ်အဖြစ်ထုတ်ပေးခဲ့သောပုဂ္ဂိုလ် (၁၄၃) ဦးနှင့် အဖွဲ့အစည်း (၃၇) ဖွဲ့တို့၏ ကြားကာလ အကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်များနှင့် ဒုတိယအသုတ်အဖြစ် ထုတ်ပေးခဲ့သောပုဂ္ဂိုလ် (၁၁၄) ဦးနှင့် အဖွဲ့အစည်း (၃၅) ဖွဲ့တို့၏ ကြားကာလ အကြံပေးလုပ်ကိုင်သူမှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်များသည် (၃၁-၁၂-၂၀၁၉) ရက်နေ့တွင် သက်တမ်းကုန်ဆုံးပြီဖြစ်ပါသဖြင့်(၁-၁-၂၀၂၀) ရက်နေ့မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ တတိယအကြိမ်သက်တမ်းတိုးမြှင့်ပေးနိုင်ပါရန် ထုတ်ပေးခဲ့သည့် ကြားကာလ အကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ် (မူရင်း)နှင့်တကွ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ပြန်လည်တင်ပြလျှောက်ထားရန် အကြောင်းကြားအပ်ပါသည်။

၁၀.၁.၂၀၂၀

(လှမောင်သိန်း)
ညွှန်ကြားရေးမှူးချုပ်

ဖြန့်ဝေခြင်း(E mail ဖြင့်)

ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆောင်ရွက်ရန် ကြားကာလအကြံပေးလုပ်ကိုင်သူ မှတ်ပုံတင်ခြင်း အထောက်အထားလက်မှတ်ရရှိပြီးသူအားလုံး၊

စာအမှတ်၊ အီးအိုင်အေ – REG ( ၀၈၆ /၂၀၁၉)
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်

မိတ္တူကို

- ညွှန်ကြားရေးမှူး (လူ့စွမ်းအား)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Facebook/ Website များတွင် လွှင့်တင်ပေးနိုင်ပါရန်)
- ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး
- ဥက္ကဋ္ဌ၊ မြန်မာပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်းဆိုင်ရာအသင်း (MEAA)
- ရုံးလက်ခံ၊ မျှောစာတွဲ၊ အမှုတွဲချုပ်